
ပီပီ
အခြားချစ်သူ

( အခန်း - ၁ )

တောင်ပေါ်မြို့လေးဖြစ်သည့် ပန်းချယ်ရီ မြို့ငယ်လေးသည် သာစည် -ကလောမြို့ လမ်းမကြီးအကြား၊ မိုင်တိုင်အမှတ်(...)မှ ခွဲထွက်သွားသော လမ်းငယ်လေးမှ သွားရင် မိုင်၂၀ခန့် အကွာတွင် တည်ရှိသည် ။

ပင်လယ်ရေမျက်နှာပြင် အမြင့် ပေ၄၀၀၀ကျော်၊ မြင့်မားသော တောင်ပေါ်မြို့လေးမို့ အေးမြသော ရာသီဥတုနှင့် သာယာရှုမောဖွယ် စိုက်ခင်းများကို မြို့ငယ်လေး၏ အနီးတစ်ဝိုက်တွင် တနံတလျား မြင်တွေ့နေရမည် ဖြစ်၏။

ရှမ်း/ ပလောင်/ လားဟူနှင့် ဗမာလူမျိုးများ အများ ဆုံး နေထိုင်ကြပြီး စိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်း သုံးမျိုးသာ အားထား လုပ်ကိုင်ကြ၏။

လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီး အပြည့်အဝရပြီး ရာဇဝတ်မှု အလွန်နည်းပါးသော မြို့လေးဖြစ်သည် ။

ပြည်ထောင်စု လမ်းမကြီးနှင့် ဆက်သွယ်ထားသော ခရိုင်ချင်းဆက် လမ်း၏ ဝဲယာတွင် ခြံဝင်းကျယ်များ နှင့် တိုက်ခံပျဉ်ထောင်အိမ် အများစုကို မြင်တွေ့ရသည် ။

မြို့အစွန်ဟု ခေါ်ရမည့် ဂေါ်ဖီစိုက်ကွင်းများ ၏ အစပ်တွင် ဥရောပပုံစံ ခေါင်မိုးအချွန် တစ်ထပ်တိုက်လေး တစ်ခု ရှိ၏။ ဆေးအရောင်မှာ

လွင့်ပြယ်နေပြီမို့ မူလက မည်သည့်ဆေးရောင် သုတ်ထားသည် ပင် ခန့်မှန်းရခက်မည်။

ထိုတိုက်ငယ်သည် အပင်ကြီးများ အုံ့ဆိုင်းဆိုင်းရှိသော ခြံဝင်းထဲ၌ တည်ရှိ၏။ ခြံထဲတွင် အပင်များအား ပြုစုမည့်သူ မရှိ၍ ထင်သည် ။ အ လေ့ကျ ပေါက်ပင်များ သည် လည်း အပြိုင်းအရိုင်း ပေါက်နေ၏။

ရေမြေသဘာဝ ကောင်းမွန်သောဒေသမို့ ပိန္နဲပင်ကြီးများ ၊ လေချို သီးပင်ကြီး၊ ထောပတ်သီးပင် များမှ အသီးများမှာ လည်း အစုလိုက် အပြွတ်လိုက် ဝေဆာစွာ သီးမှ ည့်နေကြသည် ။

အိမ်ရှင်သည် ထိုသီးပင် စားပင်များကို ဂရုစိုက်ဟန် ရှိပုံမရ။ ကျေးငှ က်နှင့် ရှဥ့်ငပေါတို့ တစ်ပိုင်းတစ်စ ကိုက်စားထားသော အသီးများကို မြင်တွေ့ရသည် ။

ခြံဝင်းတစ်ခုလုံး၏ ထူးခြားချက်မှာ ခြံတခါးနှင့် အုတ်တံတိုင်း အမြင့်ကြီး ကာရံထားခြင်းပင်။ ခြံဝင်းထဲကို အထူး ဂရုပြုကြည့်ပါက နေ ရာအနှံ့အပြားတွင် စောင့်ကြည့် စီစီတီဗွီ ကင်မရာများကို တွေ့ရမည်ဖြစ် သည် ။

ခြံဝင်းတံခါး အုတ်တိုင်ကြီးတွင် လူခေါ်ဘဲလ်ရှိ၏။ ထိုဘဲလ်၏ အပေါ်တွင် ကြေးပြား ဆိုင်းဘုတ်ငယ် တစ်ခု ထင်ရှားစွာ မြင်ရမည်ဖြစ် သည် ။

Professor Dr. Nyana

Anotomy pathlogy physiology

Cambridge University (UK)

ပရော်ဖက်ဆာ ဒေါက်တာဉာဏ၊ ခန္ဓာဗေဒ ရူပဖြစ်စဥ် ပြောင်းလဲမှု

အထူးပြုဘာသာဌာန၊ ကိန်းဘရစ်တက္ကသိုလ်၊ အင်္ဂလန် ဟူ၍ ဖြစ်သည် ။

ဒေါက်တာညာသည် အသက်အရွယ်အားဖြင့် ၅၀ကျော်ဟု ခန့်မှန်းရပြီး ဖျတ်လတ် သန်မာဆဲဖြစ်သည် ။ အင်္ဂလန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ ပါမောက္ခဟောင်းတစ်ဦး ဖြစ်၏။ ခန္ဓာဗေဒ ဆေးပညာရပ်ကို အထူး လေ့လာလိုက်စားပြီး၊ ပတ်ဝန်းကျင်ကို မေ့လျော့ နေတတ်သူလည်း ဖြစ် သည် ။

အင်္ဂလန်နိုင်ငံမှ မြန်မာပြည်ကို ပြန်ရောက် လာပြီးနောက် ပန်းချယ် ရီမြို့လေးသို့ ရွှေ့ပြောင်း အခြေစိုက်ကာ ... လူသားတို့ ၏ ခန္ဓာဗေဒဖြစ် စဉ် အပြောင်းအလဲနှင့် အသက်ရှည် နေနိုင်မည့် နည်းလမ်းကို ရှာဖွေနေ သူဖြစ်သည် ။

ဤမြို့လေးကို သူရောက်သည် မှာ ဆယ်နှစ်ပင် ကျော်ပြီ ဖြစ်လေသ ည် ။ ၎င်းတွင် ၎င်း၏ ဝေယျာဝစ္စကို ဆောင်ရွက်ပေးသူ ဒေဝကြီးဟု ခေါ် သော အသက်၄၀ ခန့် ထွားကျိုင်းသန်မာသော လူထွားကြီးတစ်ယောက် သာ အဖော်ရှိလေသည် ။

ဆရာတပည့် နှစ်ယောက်လုံးသည် တစ်လစာ စားရေရိက္ခာ ထွက်ဝ ယ်ရုံမှ အပ အပြင်သို့ ထွက်လည်ခြင်းမရှိ။ ခြံဝင်းတံခါးကို အမြဲ ပိတ် ထားလေ့ရှိသည် ။

တစ်ထပ်တိုက်လေးဟု ဆိုသော်ငြားလည်း ... ကျယ်ဝန်းသော ထပ်ခိုးပါရှိ၏။

ထို့အပြင် ပရော်ဖက်ဆာကြီး၏ ဆေးသုတေသန ပြုလုပ်သော မြေတိုက်ခန်းလည်း ပါရှိလေသည် ။ ထပ်ခိုးပေါ်တွင် နက္ခဗေဒကြည့် မှန်ပြောင်းနှင့် စာဖတ်ခန်း ပါဝင်သည် ။

စာအုပ်များ စွာ အစုလိုက်အပြုံ လိုက်တွေ့ရသည် ။ အနောက်တိုင်း ဆေးပညာ စာအုပ်များ အပြင်... ရှေးမြန်မာပညာရှိများ ၏ ဗိန္ဓော ဆေးကျမ်းများ / နက္ခဗေဒကျမ်းများ / မနောမယဝိဇ္ဇာ ကျမ်းများ လည်း စုံလင်စွာ ရှိနေ၏။

မြေတိုက်ခန်းထဲတွင် တော့ သံလှောင်အိမ်များ ဖြင့် ယုန်ငယ်လေး များ / တောခွေးများကို လှောင်ပိတ်ထားသည် ကို တွေ့ရသည် ။

ဓာတ်ခွဲခန်းအတွင်းတွင် အရောင်မျိုးစုံ ဓာတုဆေးရည်ဖန်ပုလင်း များ ၊ အငွေ့ထွက်နေသော ဖန်ပြွန်များ ၊ ဖန်ပြွန်များကို ဆက်သွယ်ထား သော ပိုက်များ ရှုပ်ယှက်ခတ်လို့ နေသည် ။

မြေတိုက်ခန်း၏ အလယ်တည့်တည့်တွင် ဆလိုက်မီးများ ပါသော ခွဲ စိတ်ခုတင်တစ်လုံး ရှိ၏။

အသေးစား ဆေးရုံတစ်ခုအလား ခွဲစိတ်ကိရိယာများ ၊ အောက်ဆီ ဂျင်ပေးဘူးများ ၊ နှလုံးခုန်စက်များ စသဖြင့် တွေ့ရသည် ။

ယနေ့သည် လပြည့်ည ဖြစ်သည် ။ ပရော်ဖက်ဆာ ဒေါက်တာဉာဏ နှင့် တပည့်ကျော် ဒေဝကြီးတို့ နှစ်ဦးသည် အလုပ်ရှုပ် နေကြသည် မှာ အမှန်ပင်။

ဒေါက်တာဉာဏသည် နက္ခဗေဒပညာလည်း အထူးလေ့လာ လိုက် စားသူဖြစ်၍ ... ကြယ်တာရာတို့ စုံညီသော နက္ခသဘင် ပွဲတော်ဖြစ်သည့် ဤလပြည့်ညတွင် ဆေးပညာဆိုင်ရာ သုတေသနတစ်ခုကို အကောင်အ ထည် ဖော်ကြမည်ဖြစ်သည် ။

ပရော်ဖက်ဆာကြီး သုတေသနပြုနေသော စမ်းသပ်မှုကား လွန်စွာ ထူးခြား ဆန်းကြယ်သည် ဟု ပြောရမည်။

လူသားတို့ သည် အသက်ကို တတ်နိုင်သရွေ့ အရှည် ဆွဲဆန့်လိုကြသည် ။

ပရောဖက်ဆာကြီး ရှာဖွေနေသည် ကလည်း လူ့သက်တမ်းကို ဆွဲဆန့်နိုင်သော ဆေးနည်း တစ်ရပ်ပင် ဖြစ်လေသည် ။

ဒေါက်တာဉာဏသည် ရှေးမြန်မာပညာရှိကြီးတို့ ၏ အင်းအိုင်လက်ဖွဲ့နှင့် နက္ခဗေဒပညာရပ်များ ၌ ပါဝင်သော အသက်ရှည်ဆေးအကြောင်းများ ၊ ရုပ်နာမ်ခွဲပညာရပ် အကြောင်းများကို အတော်ပင် လေ့လာခဲ့သူဖြစ်သည် ။

အောင်မြင်လုလု သူ၏ ဆေးပညာရှာဖွေမှုကို မြန်မာတို့ ၏ ဂမ္ဘီရနည်းများ ဖြင့် ပေါင်းစပ်ကာ ယနေ့ညတွင် စမ်းသပ်ဖော်ထုတ်မည်ဖြစ်သည် ။

ထို့ကြောင့် သူသည် ဒေဝကြီးကို လတ်တလော အစိမ်းသေ သေသည့် အလောင်းကောင် ရရန် နေ့ခင်းဘက် ကတည်းက ရှာဖွေဖို့ စေလွှတ်လိုက်ခြင်း ဖြစ်သည် ။

မကြာမီ ဒေဝကြီး ပြန်လာတော့မည်ကို ပရော်ဖက်ဆာကြီး မြေတိုက်ခန်းထဲမှ စောင့်မျှော်နေခြင်းသာ။

လူထွားကြီး ဒေဝကြီးသည် ... ခပ်ရှည်ရှည်မျောမျော အထုပ်တစ်ထုပ်ကို ထမ်းပိုးကာ မြေတိုက်ထဲ ဆင်း လာပြီ ဖြစ်သည် ။

အနက်ရောင် သားရေဇစ်ပိတ် အိပ်ရှည်ကြီးထဲမှ သွေးတို့ တစက်စက် ယိုစီးကျနေသည် ကို မြင်ရသည် ။

ထိုသားရေ အိတ်မည်းကြီးကို ခွဲစိတ်ခုတင်ပေါ်သို့ တင်လိုက်ပြီး ... ဇစ်ကို ဆွဲဖွင့်လိုက်သော်အခါ ...

ဦးခေါင်းကို ထိခိုက်ထားသော ဒဏ်ရာဖြင့် သွေးများ ယိုစီးကျနေသည့် ယောကျ်ားအလောင်း တစ်လောင်းကို ထင်ရှားစွာ မြင်တွေ့လိုက်သည် ။

ပရော်ဖက်ဆာ ဒေါက်တာညဏသည် အလောင်းကိုကြည့်၍ ကျေနပ်သယောင် ပြုံးလိုက်သည် ။

ပြီးတော့ ၎င်းသည် သံလှောင်အိမ်ထဲမှ တောခွေးတို့ ကို စူးရှစွာ ကြည့်လိုက်သည် ။

"ဝုတ် ... ဝုတ် ... အု ... အီ ... ဝုတ်ဝုတ်"

မြေတိုက်ခန်းထဲရှိ သံလှောင်အိမ်ထဲမှ တောခွေးအတို့ သည် တဝုတ်ဝုတ်နှင့် ဆူညံပွက်လောရိုက် ကုန်သည် ။

သို့သော် မြေတိုက်ခန်းသည် အသံလုံခန်းဖြစ်၍ ... ပြင်ပလောကမှ ကြားရမည်မဟုတ်ချေ။

ပရော်ဖက်ဆာကြီးသည် ခွဲစိတ်ခန်း ဝတ်စုံတို့ ကို အကျအန ဝတ်ဆင်ပြီးဖြစ်သည် ။ ၎င်း၏ နံဘေးတွင် ဒေဝကြီးကား အကူအညီပေးရန် အသင့်ရှိနေသည် ။

ပရော်ဖက်ဆာကြီးသည် အလောင်းကောင်အား သေပြီး/ မပြီး စစ်ဆေး အတည်ပြုသည် ။

ထို့နောက် ... အလောင်းကောင်၏ အသက်ကို ခန့်မှန်းကြည့်ရာ သေသူသည် အသက် ၂၀ ဝန်းကျင်ဟု စာရင်းပြုစုလိုက်၏။

ခွဲစိတ်ခုတင်ပေါ်မှ အမည်မသိ အလောင်းအား ဖရော်ဖက်ဆာကြီးသည် စတင်၍ ခွဲစိတ်နေပြီဖြစ်သည် ။

ထူးဆန်းသည် မှာ ခွဲစိတ်ခန်းထဲတွင် အသံသွင်းထားသော တိပ်ခွေ တစ်ခွေကို ကက်စက်ထဲ ထည့်ကာ ဖွင့်ထားခြင်း ဖြစ်သည် ။

ကက်စက်ဆောင်းဘောက်မှ ပါဠိအက္ခရာများ ဖြင့် ရွတ်ဆိုထားသော ဂါထာမန္တန်ရှည်ကြီး တစ်ပုဒ် ဌာန်ကရိုင်းကျကျ ဖြည်းလေးစွာ ထွက်ပေါ် လာနေသည် ။

ကောင်းကင်၌ လည်း နက္ခတာရာတို့ စုံလင်နေလေပြီ။

ပရော်ဖက်ဆာကြီးသည် သူ့လုပ်ငန်းကို အထူးဂရုပြုကာ ဆောင်ရွက်လျက် ရှိသည် ။

ညသည် တဖြည်းဖြည်းနှင့် နက်သည် ထက်နက် လာပြီ။ ပန်းချယ်ရီ မြို့လေး၏ အစွန်အဖျားက တစ်ထပ်တိုက်လေး၏ မြေတိုက်ခန်းထဲတွင် တော့ သက်ရှိလူသားနှစ်ဦးသည် မအိပ်နိုင်သေးပါ။

လူသေအလောင်းကောင်ကို ခွဲစိတ်လျက်ပင် ရှိ၏။

ပရော်ဖက်ဆာကြီးသည် လူသေ အလောင်းကို ခွဲစိတ်ပြီးသောအခါ . ..

"ဒေဝ ...လှောင်အိမ်ထဲက တောခွေးကို မေ့ဆေးပေးပြီး ယူလာခဲ့"

ဒေဝကြီးသည် တောခွေးကို လှောင်ထားရာ သံလှောင်အိမ်ဆီသို့ ဆေးထိုးအပ်ကို ကိုင်ကာ ထွက်သွား၏။

လှောင်အိမ်ထဲမှာ တောခွေးကို ဒေဝသည် ၎င်းကိုင်ထားသော မေ့ဆေးအပ်ဖြင့် ကျင်လည်စွာ ထိုးလိုက်သည် ။ မကြာမီ ပျော့ခွေနေသော တောခွေးကို ပရော်ဖက်ဆာကြီးထံ ယူဆောင်လာသည် ။

ပရော်ဖက်ဆာကြီးသည် တောခွေးကို ခွဲစိတ်ခုံပေါ်တင်၍ ရင်ဘတ်မှ

စတင်ကာ ခွဲစိတ်လေတော့သည်။

တစ်ဖက်တွင် လည်း ရင်ဘတ်နှင့်ဗိုက်ကို ခွဲစိတ်ဖွင့်ထားလေသော လူသေအလောင်း ရှိနေလေသည်။

တောခွေးအား ခွဲစိတ်ပြီးသောအခါ ပရော်ဖက်ဆာနှင့် ဒေဝတို့ သည် အလောင်းကောင် နှစ်ခုအကြား ... ပျားပန်းခပ်မျှ အလုပ်များ နေ လေတော့သည်။

ညဥ့်နှစ်နာရီကျော်ခန့်တွင် ... ခွဲစိတ်ပြီး လူသေအလောင်းအား စနစ်တကျ ပြန်ချုပ် ထားလိုက်သည်။

ပရော်ဖက်ဆာကြီးသည် ပင်ပန်းနေသည့်ကြားမှ ... ၎င်း၏ လုပ်ဆောင်ချက် ပြီးမြောက်သွားသော်အခါ ဒေဝဘက်သို့ လှည့်ကာ ပြုံးပြုံးကြီး လက်မထောင်ပြရင်း ...

"ကဲ ... ခွဲစိတ်မှုတော့ အောင်မြင်စွာ ပြီးသွားပြီ ဒေဝရေ၊ နက္ခ ညီ/ မညီ ခဏ စောင့်ကြည့်ရမယ်ကွ၊ ပြီးတော့ ... ခရမ်းရောင် သတ္တဘာဂ ကြယ် ထူးခြားမှု ရှိ/ မရှိ ငါ... ထပ်ခိုးပေါ်တက်ပြီး မှန်ပြောင်းနဲ့ စောင့်ကြည့်ချေဦးမယ်။ မင်းက လူသေအလောင်းကို စောင့်ကြည့်နေနော်"

ပရော်ဖက်ဆာကြီးသည် ဒေဝ၏ အဖြေကို မစောင့်ပဲ၊ မြေတိုက်ခန်းထဲမှ ထွက်သွားလေတော့သည်။

ဒေဝကား အလောင်းကောင်အနီးတွင် မတ်မတ်ကြီး စောင့်ကျန်ရစ်ခဲ့လေသည်။

ဒေဝသည် လူသေအလောင်းကောင်၏ ကင်းခြေများ သဖွယ် ချုပ်ရိုးများကို ကြည့်၍ ပခုံးတွန့်ကာ မျက်နှာကြီးကို ရှုံ့တွလိုက်မိသည်။

မကြာမီ ... လင်းအရုဏ် သန်းတော့မည်။ နံနက်၄ နာရီပင် ထိုး

တော့မည် ဖြစ်လေသည် ။

ဆေးသိပ္ပံပညာရှင် ပရော်ဖက်ဆာ ဒေါက်တာဉာဏာ၏ လူသားမျိုးနွယ်တို့ ၏ စွန့်ဦး တီထွင်မှုတစ်ရပ် အောင်မြင်နိုင်မည် ဆိုလားဆိုတာ ...။

***